# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာ

ဇန်နဝါရီ - စက်တင်ဘာ ၂၀၁၁



Photo by : KWAT

မာတိကာ


၂ နိဒါန်း
၃ အချက်အလက်ကောက်ယူသည့်နည်းလမ်း
၆ လူ့ခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများ
၁၀ ဖြစ်ရပ်မှန်လေ့လာချက် (မြေယာသိမ်းမှု)
၁၁ သုံးသပ်ချက်
၁၂ နောက်ဆက်တွဲ ၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးများ အလိုက်ကောက်ယူရရှိသော လူ့အခွင့်အရေးချိုး ဖောက်မှုများ
၁၃ နောက်ဆက်တွဲ ၂။ လစဉ်အလိုက် ကောက်ယူရရှိခဲ့ သောလူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပွားရာတည်နေ ရာများ
၁၄ နောက်ဆက်တွဲ ၃။ လစဉ်အလိုက် ကောက်ယူရရှိခဲ့ သောလူ့အခွင့်အရေး အမျိုးအစားများ

## နိဒါန်း

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)က ပြုစုရေးသားထုတ်ဝေသော ယခု အစီရင်ခံစာသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလအထိ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သော လူ့အခွင့်အရေး အခြေအနေများကို မှတ်တမ်းတင်ထားသည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကာလအပိုင်းအခြားအလိုက် ထုတ်ဝေသော အစီရင်ခံစာများသည် နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖောက်မှုများ သတင်းအချက်အလက်များနှင့် တိုင်းပြည်အတွင်းဖြစ်ပေါ်နေသော အရေးကြီးသည့် ကိစ္စရပ်များနှင့် ဖြစ်နိုင်ချေလားရာများကို ထောက်ပြထားသည်။ လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစား ၁၆ ခုနှင့်အညီ[၁] သတင်းအချက် အလက်များကို မြန်မာနိုင်ငံအဂှမ်း ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုတွင် မှတ်တမ်းတင်ကောက်ယူခဲ့သည်။

ယခုအစီရင်ခံစာကာလအတွင်း နိုင်ငံရေးစင်မြင့်တွင် အပြုသဘောဆောင်သောပြုပြင်ပြောင်းလဲမှု လက္ခဏာရပ်များ ပေါ်ထွက်လာခဲ့သည်။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် အစိုးဆက်ဆံရေး ဝန်ကြီး ဦးအောင်ကြည်နှင့် လေးကြိမ်တွေ့ဆုံခဲ့ပြီးဖြစ်သလို သမ္မတ ဦးသိန်းစိန်နှင့်လည်း တကြိမ်တွေ့ ဆုံခဲ့ပြီးဖြစ်သည်။ အကျဉ်းသား ခြောက်ထောင်ကျော် လွှတ်ပေး သော လွတ်ငြိမ်းချမ်းသာခွင့်တွင် နိုင်ငံရေး အကျဉ်းသားဦးရေ ၂၀၀ ကျော်ပါရှိခဲ့သည်။ လွှတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအသစ်တခု အား တင်သွင်းခဲ့သလို မီဒီယာကန့်သတ်ချက်တချို့ကို လျှော့ပေါ့ပေးခဲ့သည်။ အစိုးရသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အား ဖွဲ့စည်းပေးခဲ့ပြီး၊ အရေးကြီးဆုံးကိစ္စရပ်တခုအဖြစ် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းပရောဂျက်ကို ယာယီရပ်ဆိုင်းခဲ့သည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ)က အဆိုပါ ဖြစ်ထွန်းတိုးတက်မှုများကို အပြောင်းအလဲသို့ ဦးတည်စေသော ဖွံ့ဖြိုးတိုးတက်မှုများအဖြစ် လက်ခံကြိုဆိုသည်။ မြန်မာနိုင်ငံ၏ အကျဉ်းထောင်များ၊ မြို့များ၊ ကျေးရွာများ၊ ကျေးလက်ဒေသများအတွင် ဖြစ်ပေါ်နေသောအခြေအနေများကို စောင့်ကြည့်လေ့လာနေသော လူ့အခွင့်အရေးအဖွဲ့အစည်းများ စုစည်းထားသည့် ကွန်ရက်တခုဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့၏အဓိက လေ့လာချက်သည် ကျွန်ုပ်တို့လက်လှမ်းမှီသော ဒေသများအတွင်းရှိ လူ့အခွင့်အရေး အခြေအနေများ ဖြစ်သည်။ မြန်မာအစိုးရသည် တိုင်းပြည်အတွင်း လူ့အခွင့်အရေးအခြေအနေများ တိုးတက်အောင် အထူးသဖြင့် တိုင်းရင်းသားဒေသများအတွင်း လူ့အခွင့်အရေးအခြေအနေများ တိုးတက်လာစေရန် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေသည်ဟူ၍ အလျင်စလို မဆုံးဖြတ်မိစေရန်အတွက် ယခုအစီရင်ခံစာက အထောက်အကူပြုလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့ ကွင်းဆင်းအချက်အလက်ကောက်သူများထံမှ ရရှိသော အစီရင်ခံစာပါ သတင်းအချက်အလက်များသည် မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသော လူ့အခွင့်အရေး အခြေအနေအား သရုပ်ဖော်ပြသ သကဲ့သို့ ရန်ကုန်နှင့် နေပြည်တော် အတွင်းဖြစ်ထွန်းနေသော ထိပ်ပိုင်း နိုင်ငံရေး ပြောင်းလဲမှုနှင့် သီးခြားကင်းလွတ်နေသော လူမှုအသိုင်း အဝန်းများ၏ လူ့အခွင့်အရေး အခြေအနေများကိုပါ မီးမောင်းထိုးပြသထားသည်။

တိုင်းရင်းသားဒေသများအတွင်းဖြစ်ပေါ်နေသော ပြည်တွင်းစစ်သည် အလွန်အရေးကြီးသော ကိစ္စရပ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ထွန်းမှုနှင့်ပတ်သက်သော သုံးသပ်ချက်အားလုံး၏ အဓိက အခရာ တခုဖြစ်နေဖို့ လိုအပ်သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲ ပြီးသည့်အချိန်မှစ၍ ကရင်ပြည်နယ်အတွင်း တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာခဲ့သည်။ ၂၀၁၁ ခုနှစ် ဇွန်လ ၉

---

၁။ လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ)သည် ချိုးဖောက်မှုတခုချင်းစီအလိုက်နှင့် အထွေထွေ အချက်အလက်ကောက်ယူခြင်း လက်စွဲများပါဝင်သော မှတ်တမ်းကောက်ယူခြင်းလက်စွဲ တခုကို ရေးသားပြုစုခဲ့သည်။

ရက်နေ့တွင် မြန်မာစစ်တပ်က ကချင်လွတ်မြောက်ရေးတပ်မတော်၏ ဗျူဟာမြောက်စခန်းတခုအား ဖင်ရောက် တိုက်ခိုက်ရာမှ ၁၇ နှစ်ကြာ တည်တန့်လာသော အပစ်အခတ်ရပ်ဆဲရေးသဘောတူစာချုပ် ပျက်ပြယ်သွားခဲ့ရသည်။ တိုင်းရင်းသား ဒေသများအတွင်း တိုက်ပွဲများ ဆက်လက်ဖြစ်နေခြင်းဆို သည်မှာ ထိုဒေသများအတွင်း သတ်ဖြတ်မှု၊ မြေယာသိမ်းဆည်းမှု၊ နှိပ်စက်မှု၊ အတင်းအဓမ္မပြောင်း ရွှေ့မှု အပါအဝင် တခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို မြန်မာစစ်တပ်က ဆက်လက် ကျူး လွန်နေသည်ဟုအဓိပ္ပါယ်ရသည်။ ထို့အပြင် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အပါအဝင် တိုင်းရင်းသားဒေသများတွင် အကောင်အထည် ဖော်ဆောင်ရွက်နေသောဖွံ့ဖြိုးရေး လုပ်ငန်းစီမံချက် ကြီးများနှင့် သဘာဝသယံဇာတ တူးဖော်ရေး စီမံချက်များနှင့် ဆက်နွယ်သော လူ့အခွင့်အရေးချိုး ဖောက်မှုများကိုလည်း မြန်မာစစ်တပ်က ကျူးလွန်နေသည်။ မြန်မာစစ်တပ် သည် ကလေးများကို စစ်တပ်အတွင်း သွတ်သွင်းနေခြင်းနှင့် ကလေးစစ်သား အသုံးပြုမှု ဆက် လက်ပြုနေဆဲဖြစ်သဖြင့် ကလေးအခွင့်အရေးစာချုပ် (၁၉၈၉ခုနှစ်) ပါ မြန်မာနိုင်ငံက လိုက်နာရမည့် တာဝန်ဝတ္တရားများနှင့် နိုင်ငံတကာကန့်သတ်ချက်များကို တိုက်ရိုက်ချိုးဖောက် နေခြင်းဖြစ်သည်။

## အချက်အလက်ကောက်ယူသည့်နည်းလမ်း

ကွင်းဆင်းအချက်အလက်ကောက်ယူသူများ၏အခြေအနေ။ လူ့အခွင့်အရေးမှတ်တမ်း ကွန်ရက် (မြန်မာနိုင်ငံ)၏ ကွင်းဆင်းအချက်အလက်ကောက်ယူသူများသည် လူ့အခွင့်အရေးချိုး ဖောက်မှုမှတ်တမ်းများ ကောက်ယူရာတွင် အသက်အန္တရာယ်နှင့် ရင်း၍ ဆောင်ရွက်ကြရသည်။ လူ့အခွင့်အရေး ဆောင်ရွက်နေသူများသည် အစိုးရ၏ အညိုးထားမှုကိုခံနေရပြီး မျက်ခြေမပြတ် စောင့်ကြည့်ခံရမှု၊ ခြိမ်းခြောက်မှု။ ဖမ်းဆီးခံရမှု၊ ထောင်ချခံရမှုစသဖြင့် အမြဲတစေ ရင်ဆိုင်နေရသည်။ လုံခြုံရေးအခြေအနေကြောင့် လူ့အခွင့်အရေး အခြေအနေစောင့်ကြည့်လေ့လာမှုအား ပေါ်ပေါ် ထင် ထင် မလုပ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံ တနိုင်လုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့် အရေးချိုး ဖောက်မှုအားလုံးကိုယ်စား ပြသနိုင်ရန်မှာ မဖြစ်နိုင်ချေ။ အစိုးရသည် ဒေသခံ ပြည်သူလူထုများ အပေါ် အထူးသဖြင့် အလှမ်းကွာဝေးသော ဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွင်းရှိ ပြည်သူလူထုများအပေါ် ဖိအားများပိုများလာသဖြင့် လုံခြုံရေး အန္တရာယ်ပိုများလာနေသည်။ ထိုဒေသများအတွင်း အချက်အလက်ကောက်ယူနေကြသော ကွင်းဆင်းအချက် အလက်စုဆောင်း သူများသည် သတင်းအချက်အလက်ရယူရန် တဦးချင်း အဆက်အသွယ် ကွန်ရက်များအပေါ် တွင် အဓိက အားထားရသည်။ ကွင်းဆင်းအချက်အလက်စု ဆောင်းသူများ၏ ကွန်ရက်တွင်ပါဝင် သူတဦးချင်းစီသည် နောက်ထပ် အဆက်အသွယ် များပိုမိုရရှိလာရေးနှင့် ကျေးရွာ ခေါင်းဆောင်၊ အစိုးရဝန်ထမ်းအစရှိသူများနှင့် တဦးချင်းစီအလိုက် တွေ့ဆုံမေးမြန်း အချက်အလက်ရ ယူရန် တာဝန်ရှိသည်။

## မှတ်တမ်းတင်ခြင်း။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သည် နိုင်ငံတကာ လူ့အခွင့်အရေး အန်ဂျီအိုများ၏ အကူအညီကို ရယူ၍ ယခုအစီရင်ခံစာပါ အချက်အလက်များ ကောက်ယူသော အဖွဲ့ဝင်အဖွဲ့အစည်းများ၏ ကွင်းဆင်းအချက်အလက်စုဆောင်းသူများအား သင်တန်းပေးသည်။ ထို့နောက်အဆိုပါ ကွင်းဆင်းအချက်အလက်စုဆောင်းသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုအတွင်း တွေ့ဆုံမေးမြန်းအချက်အလက်ကောက်ယူခြင်းနှင့် တခြားသတင်းအချက်အလက်များ ကောက်ယူစုဆောင်းသည်။ (နောက်ဆက်တွဲ ၁၊ ၂ နှင့် ၃)

ဖြစ်ရပ်တခုချင်းစီအား ရရှိသည့် အခွင့်အရေး နှင့် ပြင်ပအခြေအနေများအပေါ် မူတည်၍ ကောက်ယူရသည်။ ယခုအစီရင်ခံစာပါဖြစ်ရပ်များသည် အစီရင်ခံစာကာလအတွင်း အစိုးရ၏ကျူးလွန်မှု ခံခဲ့ရသူများ၏ တိုက်ရိုက်ပြောဆိုချက်များဖြစ်သည်။ မျက်မြင်သက် သေများက ပြောပြသော အချက်အလက်များနှင့် လေ့လာသူများက အတည်ပြုသော အချက်အလက်များအရ မြန်မာစစ်သားများက အများဆုံးကျူးလွန်သော အစိုးရအကြမ်းဖက်မှုများ ဖြစ် သည်။

## အချက်အလက်စီမံခန့်ခွဲမှု။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ) အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက်ကောက်ယူစုဆောင်းသူများသည် အချက်အလက်များအား သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းထံသို့ပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ရှိဝန်ထမ်းများက ကွန်ရက် ဒေတာဘေ့စ်အတွင်း သတင်းအချက်အလက်များ ထည့်သွင်းသည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ၏ အချက်အလက်စီမံခန့်ခွဲရေးအလုပ်အဖွဲ့က အချက်အလက်တခု ချင်းစီအား ပြင်ဆင်စုဆည်းပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ဖြစ်ပွားခဲ့သော အဖြစ်အပျက် များမှ သင့်လျော်ရာ ပေးပို့ချက်များကို ရွေးချယ်သည်။ ယခုအစီရင်ခံစာကာလ မတိုင်ခင်ဖြစ်ပျက်ခဲ့သော အခြားသတင်းအချက်အလက်များကို သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထား မည်ဖြစ်ပြီး ဒီမိုကရေစီအသွင်းကူးပြောင်းရေးကာလအတွင်း တာဝန်ခံမှု ရယူမည့် လုပ်ငန်းစဉ်များအတွက် အသုံးပြုမည်ဖြစ်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလ မှ စက်တင်ဘာလအထိ ကောက်ယူရရှိခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှု အချက်အလက်များ

| လစဉ်အလိုက် လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစား | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပုဂ္ဂလိကပိုင်ဆိုင်မှုပစ္စည်းများသိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | အစဖျောက်ပစ်ခြင်း | အဓမ္မလုပ်အားပေးခိုင်းစေမှု | အတင်းအဓမ္မလက်ထပ်စေခြင်း | လိင်ဖျော်ဖြေရေးလုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်း | အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း | လူကုန်ကူးရောင်းဝယ်ခြင်း | သတ်ဖြတ်ခြင်း | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်ကို ထိပါးနှောက်ယှက်ခြင်း | လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း | တခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ | မုဒိမ်းကျင့်မှု | ကလေးစစ်သားအသုံးပြုမှု | ညှဉ်းပန်းနှိပ်စက်ခြင်း | အခွန်ကောက်ယူခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | | | | ၄ | | | | | ၁ | ၁ | | | | ၂ | ၁ | | ၉ |
| ဖေဖော်ဝါရီ | ၂ | | | ၆ | | | ၂ | | | | ၁ | | ၁ | ၁ | ၁ | ၂ | ၁၆ |
| မတ် | ၂ | ၁၃ | | ၁၆ | | | ၁ | | ၁ | ၁ | ၄ | | ၁ | ၂ | ၆ | ၁ | ၄၈ |
| ဧပြီ | ၁ | ၁၁ | | ၃ | | | ၁ | | ၂ | ၁ | ၂ | | | | ၂ | ၁ | ၂၄ |
| မေ | ၂ | ၇ | ၁ | ၃ | | | ၂ | | | | | | | ၁ | ၇ | ၁ | 24 |
| ဇွန် | ၂ | ၁ | | ၃ | | | | ၁ | | | | | | | ၁ | | ၈ |
| ဇူလိုင် | ၃ | ၄ | | ၇ | | | | | ၃ | ၂ | ၄ | | | | ၂၀ | ၂ | ၄၆ |
| ဩဂုတ် | ၆ | ၃ | | ၈ | | | | | ၆ | ၁ | ၂ | | | ၁ | ၁၃ | ၄ | ၄၄ |
| စက်တင်ဘာ | ၇ | ၅ | | ၇ | | | ၁ | | ၄ | | ၁ | | | | ၁၆ | ၁ | ၄၂ |
| စုစုပေါင်း | ၂၅ | ၄၄ | ၁ | ၅၇ | ၀ | ၀ | ၇ | ၁ | ၁၇ | ၆ | ၁၄ | ၀ | ၂ | ၇ | ၆၈ | ၁၂ | ၂၆၁ |

## လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) က ကောက်ယူရရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများ

ဇန်နဝါရီ - စက်တင်ဘာလ ၂၀၁၁

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း အစိုးရနှင့် ၎င်းအားထောက်ခံသူများက ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ရပ် ၂၆၁ ခုကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ယခုအစီရင်ခံကာလအတွင်း မှတ်တမ်း တင်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများသည် မြန်မာနိုင်ငံအဝှမ်း ပြည်နယ်နှင့် တိုင်း ၁၄ ခု အတွင်း ဖြစ်ပွားခဲ့သည်။ (နောက်ဆက်တွဲ ၁ ကိုကြည့်ပါ။)

ညှဉ်းပန်းနှိပ်စက်ခြင်းချိုးဖောက်မှု ၆၈ ခု၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု ချိုးဖောက်မှု ၅၇ ခု နှင့် ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုအား သိမ်းယူခြင်း/ဖျက်ဆီးခြင်း ချိုးဖောက်မှု ၄၄ ခုဖြစ်ပွားခဲ့ပြီး ထိုချိုးဖောက်မှု များသည် တိုင်းရင်းသားဒေသများအတွင်း စစ်ရေးတိုးချဲ့မှုများ၊ လက်ရှိဖြစ်နေဆဲ လက်နက်ကိုင် ပဋိပက္ခနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ၏ တိုက်ရိုက်အကျိုးဆက်များဖြစ်သည်။ ၂၀၁၁ ခုနှစ် ဇူလိုင်လ ရခိုင်ပြည်နယ်တွင် တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း၊ တရုတ်အမျိုးသားကမ်း လွန် ရေနံရှာဖွေရေး ကုမ္ပဏီနှင့် အေးရှားဝေါကုမ္ပဏီတို့က ၎င်းတို့အခြေစိုက်စခန်းများ အနီးတည် ရှိသော ဂါးနက်ချောင်း ကျေးရွာသား များပိုင်ဆိုင်သော ဆီအုန်းခြံများကို ဖျက်ဆီးခဲ့သည်။ ရခိုင်ကျောင်းသား လူငယ်များကွန်ရက် (AASYC)၏ ကွင်းဆင်း အချက်အလက်စု ဆောင်း ကောက်ယူသူများ၏ အဆိုအရ အလားတူဖြစ်ရပ်မျိုးများ ကျောက်ဖြူ-ရန်ကုန် အဝေးပြေး ကားလမ်း မတလျှောက်တွင် ဆက်လက်ဖြစ်ပွားနေသည်။

ယခုအစီရင်ခံစာကာလအတွင်း ကောက်ယူရခဲ့သော ချိုးဖောက်မှုများအနက် အများဆုံး ဖြစ်ပွားသော နေရာမှာ ကရင်ပြည်နယ် (ချိုးဖောက်မှု ၉၅ ခု) ဖြစ်ပြီး၊ ၎င်းနောက်မှ ရှမ်းပြည်နယ် (၃၃ ခု)၊ ရခိုင်ပြည်နယ် (၂၅ ခု) တို့ရှိခဲ့သည်။ ကရင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ် ပွားမှုနှုန်း အများဆုံးဖြစ်ရခြင်းမှာ မြန်မာစစ်တပ်နှင့် ကရင်လက်နက်ကိုင်တပ်များ (ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် -KNLA ၊ နယ်ခြားစောင့်တပ်ဖွဲ့စည်းရန် ငြင်းဆန်သော တိုးတက် သော ကရင်ဗုဒ္ဓဘာသာတပ်မတော် DKBA) အကြား တိုက်ခိုက်မှုများကြောင့်ဖြစ်သည်။ KNLA နှင့် မြန်မာစစ်တပ်အကြားတိုက်ပွဲများသည် ဆယ်စုနှစ်များစွာ ကြာမြင့်လာခဲ့ပြီဖြစ်သည်။ ယင်း ပဋိပက္ခကြောင့် ထိုင်းနိုင်ငံဖက်ခြမ်းသို့ ဒုက္ခသည်များထွက်ပြေးလာရခြင်း နှင့် မြန်မာစစ်တပ်၏ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများလည်း ပိုမိုတိုးများ လာခဲ့သည်။ ပေါ်တာအဆွဲခံရခြင်း၊ လူသားမိုင်းရှင်းသူများအဖြစ် ခိုင်းစေခံရခြင်း၊ လူသားဒိုင်းသဖွယ်အသုံးပြုခံရခြင်း၊ စက်လက်နက် ပစ္စည်းများ သယ်ပိုးပေးရခြင်း၊ သောက်ရေခပ်ပေးရခြင်း၊ အစားအစာများ ချက်ပြုတ်ပေးရခြင်းနှင့် သယ်ပိုးပေးရခြင်း၊ စစ်တန်းလျားများဆောက်ပေးရခြင်း စသည်တို့ပါဝင်သည်။ ထို့အပြင် ရွာသား များသည် ၎င်းတို့ကျေးရွာအတွင်းသာ နေထိုင်ရပြီး ရွာအပြင်ဖက်တွင် တွေ့သူတိုင်းအားအရပ် သား (သို့မဟုတ်) လက်နက်ကိုင်သူပုန်ဟူ၍ ခွဲခြားခြင်းမရှိပဲ ပစ်သတ်ခံရသည်။ အတိုက် အခံလက် နက်ကိုင်တပ်များအား ငွေကြေး၊ ရိက္ခာ၊ သတင်းအချက်အလက်နှင့် လူသစ် စုဆောင်းခြင်းအား ဖြတ်တောက်ရန် ရည်ရွယ်သော ဖြတ်လေးဖြတ်စစ်ဆင်ရေးအား လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွား ရာဒေသအတွင်း မြန်မာစစ်တပ်က ဆက်လက်ကျင့်သုံးနေဆဲဖြစ်သည်။


၂၀၁၁ ခုနှစ် ဇွန်လတွင် လက်နက်ကိုင်ပဋိပက္ခတဖန်ပြန်ဖြစ်ပေါ်လာခဲ့သည့်အချိန်မှ စ ၍ ကချင်ပြည်နယ် အတွင်း လူ့အခွင့်အရေးအခြေအနေမှာ သိသိသာသာဆိုးရွားလာခဲ့သည်။ လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင် အဖွဲ့အစည်းတခုဖြစ်သော

ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)က 'မြန်မာပြည် ဖုံးကွယ်စစ်ပွဲ။ ကချင်လူမျိုးများအပေါ် ရက်စက်မှုများ' အမည်ဖြင့် အစီရင်ခံစာ ထုတ်ဝေခဲ့ သည်။ လက်နက်ကိုင်တိုက်ပွဲများဖြစ်နေခြင်း ကြောင့် ကချင်ပြည်နယ်အတွင်း ကွင်းဆင်းအချက်အလက် စုဆောင်းကောက်ယူသူများသည်ဆိုး ဆိုးရွားရွားလုံခြုံရေး အခြေအနေကို ရင်ဆိုင်နေရသည့်အပြင် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်း နိုင်ငံ) ဂန်ထမ်းများအနေဖြင့်လည်း ၎င်းတို့အဖွဲ့အစည်းမှ ထုတ်ဝေသော အစီရင်ခံစာအတွက် ပိုမို အာရုံစိုက်လုပ်ကိုင်နေရခြင်းကြောင့် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်( မြန်မာနိုင်ငံ) သို့ သတင်းအချက်အလက်များကို ယခင်ကဲ့သို့ မြန်မြန်ဆန်ဆန်ပေးပို့နိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ယခုအစီရင်ခံစာတွင် ကချင်ပြည်နယ်အတွင်း ဖြစ်ထွန်းနေမှုများအပေါ် ထင်ဟပ်မှုမရှိချေ။ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)က ထုတ်ဝေသော အစီရင်ခံစာတွင် မုဒိမ်းကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက် ချိုးဖောက်မှု ၃၇ ခု၊ ၎င်းအနက်မှ အသက်ဆုံးရှုံးရသည်အထိဖြစ်ခဲ့သော ဖြစ်ရပ် ၁၃ ခုအပြင် သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု (လူသား မိုင်းရှင်း ကိရိယာ အဖြစ် အသုံးပြုခြင်းအပါအဝင်) နှင့် အတင်းအဓမ္မရွှေ့ပြောင်းခိုင်းမှုများကို မှတ် တမ်းတင်ထားသည်။

တခြားကျေးရွာသားများ၏ အတွေ့အကြုံကို ထင်ဟပ်စေသော အသက်ရှင် ကျန်ရစ်သူ တဦးက ပြောဆိုချက်အား အစီရင်ခံတွင် ဤသို့ဖော်ပြထားသည်။

*"တိုက်ပွဲမဖြစ်ခင် ကျမတို့ ရွာကနေ ပုန်းကျင်းထဲကို ထွက်ပြေးခဲ့တယ်။ အိမ်က မွေးထားတဲ့ တိရိစ္ဆာန်တွေလည်း အစာကျွေးရင်း၊ မိသားစုအတွက် စားစရာလည် ရှာဖို့ ကျမ အိမ်ပြန်သွား ခဲ့တယ်။ ကျမအိမ်ထဲမှာ စစ်သားတွေရောက်နေတယ်။ ကျမအိမ် ထဲဝင်ဖို့လုပ်တော့ကျမကို အော်ပြီး ပြန်ထွက်ခိုင်းတယ်။ ကျမကလည်း ဒါကျမအိမ်ပဲ လို့ပြန် ပြောတော့ စစ်သားတွေက ကျမကို သေနတ်နဲ့ ချိန်ပြီး နင်သေသွားချင်လားလို့မေးတယ်။ ကျမလည်း ကြောက်ပြီးထွက် ပြေးခဲ့တယ်။ ကျမတို့ပိုင်သမျှ သီးနှံတွေ၊ တိရစ္ဆာန်တွေလည်း စစ်သား တွေအကုန်ယူသွား ကြပြီ။ ကျမတို့လည်း ရွာပြန်ရော ဘာမှမရှိတော့မှာ ကျမစိုးရိမ်တယ်။ ကျမတို့ ဘယ်လိုလုပ် အသက်ရှင်မလဲ။ "*

ရွှန်နန်း၊ အသက် ၅၆ နှစ်၊ မန်စီမြို့နယ်မှ အဖွားအိုတဦး။




ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ လုပ်ဖော်ကိုင်ဖက်များ ယခုကဲ့သို့ သတ္တိ ပြောင်မြောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းအပေါ် ကွန်ရက်တခုလုံးက နှစ်ထောင်းအားရ ဖြစ်မိသည်။ ၎င်းတို့အစီရင်ခံစာအား မီးမောင်းထိုးပြခြင်းဖြင့် နေပြည်တော်တွင် ဖြစ်ထွန်း နေမှုများသည်ကချင် ပြည်နယ်အပါအဝင် ပဋိပက္ခဖြစ်နေသော ဒေသများအပေါ် အနည်းအကျဉ်းမျှသာ သတ်ရောက် မှုရှိနေသည်ကို စာဖတ်သူများ သတိချပ်မိစေမည်ဟု မိမိတို့ မျှော်လင့်ပါသည်။

ယခုအစီရင်ခံစာကာလအတွင်း ကလေးစစ်သားစုဆောင်းမှုနှင့် အသုံးပြု ချိုးဖောက်မှု ၇ ခုကို မှတ်တမ်း ကောက်ယူနိုင်ခဲ့သည်။ ထိုချိုးဖောက်မှုများသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး တို့တွင် ဖြစ်ပွားခဲ့ပြီး စစ်သားစုဆောင်းရေးသားများက ကလေး များတွင် မှတ်ပုံတင်မရှိခြင်းအပေါ် ခြိမ်းခြောက်ခြင်းနှင့် တခါတရံလိမ်ညာစည်းရုံးခြင်းနည်းလမ်းများ အသုံးပြုခဲ့သည်ကို တွေ့ရှိရသည်။


ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မလျော်ကန်သော ပြုမှုဆက်ဆံခြင်း ချိုးဖောက်မှုပုံစံသည် လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ နောက်ထပ်ထုတ်ဝေမည့် အစီရင်ခံစာ ခေါင်းစဉ် တခုဖြစ်သည်။

ကွင်းဆင်းအချက်အလက်ကောက်ယူစုဆောင်းသူများသည် အဆိုပါချိုးဖောက်မှုပုံစံအား အဓိကထား ကောက်ယူခဲ့သောကြောင့် လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသော ချိုးဖောက်မှုများအား လုံးအနက် ၃၁ ဒသမ ၅ ရာခိုင်နှုန်းသည်ညှဉ်းပန်း နှိပ်စက်မှုနှင့် မလျော်ကန်သော ပြုမူဆက်ဆံခြင်း ချိုးဖောက်မှုများဖြစ်ကြသည်။ ၎င်းချိုးဖောက်မှုဖြစ်ပွားခဲ့သော နယ်မြေများကို အောက်ပါအတိုင်း ခွဲခြားပြသထားသည်။

| ချင်း | ဧရာဝတီ | ကချင် | ကရင် | ကရင်နီ(ကယား) | မကွေး | မန္တလေး | မွန် | ပဲခူး | ရခိုင် | ရန်ကုန် | စစ်ကိုင်း | ရှမ်း | တနင်္သာရီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၅ | ၄ | ၁ | ၁၄ | ၁ | ၀ | ၂ | ၂ | ၇ | ၃ | ၈ | ၄ | ၁၄ | ၃ | ၆၈ |

လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ကကောက်ယူရရှိသော အချက်အလက်များအနက် ဒုတိယအများဆုံးချိုး ဖောက်မှု မှာ အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း (၂၆.၄ ရာခိုင်နှုန်း) ဖြစ်သည်။ ND-Burma အဖွဲ့ဝင်တဖွဲ့ဖြစ်သော ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) က စက်တင်ဘာလ ၇ ရက် နေ့တွင် " မြန်မာနိုင် ချင်းပြည်နယ်ဝန်ကြီးချုပ်က အတင်းအဓမ္မ လုပ်အားပေးခိုင်းစေရန် အမိန့်ပေးခဲ့ခြင်း" ခေါင်းစဉ်ဖြင့် ချိုးဖောက်မှုဖြစ်ရပ်တခုကို အစီရင်ခံခဲ့သည်။ ၎င်းအစီရင်ခံစာတွင် ဟားခါးမြို့ အစိုးရ ဝန်ထမ်းများအား ဆောက်လုပ်စ ပြည်ထောင်စုအစိုးရညှော်ရိပ်သာဝန်းကျင်နှင့် တောင်ရမ်ထိပ်တွင် ရှိသော ခလရ ၂၂၆ စခန်းသွားရာလမ်းတလျှောက်အပါအဝင် မြို့ပတ်ဝန်းကျင် အခြားနေရာများ သန့်ရှင်းရေး လုပ်ခိုင်းခဲ့သည်။ အစီရင်ခံစာအား (CHRO press released on 7 September 2011). ကြည့်ပါ။


မီဒီယာအစီရင်ခံချက်ထွက်ပေါ်လာပြီးနောက် ရက်သတ္တပတ်သုံးပတ်အကြာခန့်တွင် အစိုးရဝန်ထမ်းများအား အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု ရပ်တန့်သွားခဲ့သည်။




ဟားခါးမြို့ အစိုးရဝန်ထမ်းများအား ဆောက်လုပ်စ ပြည်ထောင်စုအစိုးရညှော်ရိပ်သာ လုပ်ကွက်အတွင်း သန့်ရှင်းရေးလုပ်ပေးနေရပုံ။ နောက်ခံအနီရောင်အဆောက်အဦသည် ချင်းပြည်နယ်လွှတ်တော်အဆောက်အဦဖြစ်ပြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟန်ငိုင်၏ ရုံးခန်းရှိသည်။ (သတင်းအရင်းအမြစ် CHRO)

လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အဖွဲ့ဝင်အဖွဲ့အစည်းများသည် ပုဂ္ဂလိက ပိုင်ဆိုင်မှုပစ္စည်းသိမ်းယူခြင်း/ ဖျက် ဆီးခြင်း ချိုးဖောက်မှု (၂၀.၁ ရာခိုင်နှုန်း) များကိုလည်း တင်ပြခဲ့သည်။ ၎င်းချိုးဖောက်မှုပုံစံတွင် အများဆုံးတွေ့ရသော အကြောင်းအရာမှာ စစ်တပ် စီးပွားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းများ (သို့မဟုတ်) စစ်တပ်စီးပွားရေးအပေါင်းအပါများ တနည်းမဟုတ်တနည်း ပါဝင်ပတ်သက်နေသည်ကို တွေ့ရသည်။

အမျိုးအစားအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုဖြန့်ကျက်မှုပြဇယား



## ဖြစ်ရပ်မှန်လေ့လာချက် (မြေယာသိမ်းဆည်းမှု)

ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက်စုဆောင်းကောက်ယူသူများသည် ၂၀၁၂ အစောပိုင်းတွင် ထုတ်ဝေမည့် အတင်းအဓမ္မ အိုးအိမ်စွန့်ခွာရမှုများနှင့် ဆက်စပ်သော ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုနှင့် မြေယာသိမ်းဆည်းမှုများအကြောင်း အစီရင်ခံစာအတွက် သတင်းအချက်အလက်များ ကောက်ယူနေကြသည်။ အောက်ဖော်ပြပါ ကနဦးဖြစ်ရပ်မှန်လေ့လာချက်သည် အဆိုပါ အစီရင်ခံစာမိတ်ဆက်ဖြစ်သည်။ ကချင်၊ ရှမ်းနှင့် ကရင်ဒေသပြည် သူများကဲ့သို့ လက်နက်ကိုင် ပဋိပက္ခ၏ နောက်ဆက်တွဲ လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေရသော တိုင်းရင်းသားပြည်သူများနေထိုင်ရာဒေသများတွင် ဤကဲ့သို့သော ချိုးဖောက်မှုများဆက်လက်ဖြစ်နေသေးသည်ကို မီးမောင်းထိုးပြလိုခြင်းကြောင့်လည်း ဖြစ်သည်။ ယခု ဖြစ်ရပ်မှန် လေ့လာချက်သည် လားဟူဒေသတွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်တခုဖြစ်သည်။

မြေယာသိမ်းဆည်းခြင်းချိုးဖောက်မှုသည် မြန်မာနိုင်ငံအနှံ့ဖြစ်ပွားနေသော ချိုးဖောက်မှုတခုဖြစ်ပြီး ၎င်းချိုးဖောက်မှုနှင့်အတူ အရပ်သားပြည်သူများကို ရက်စက်စွာ၊ ဂုဏ်သိက္ခာညှိုး နွမ်းစေသော ပြုမှုဆက်ဆံမှုများအပါအဝင် တခြားလူ့အခွင့်အရေးချိုးဖောက်မှုများပါ တပါတည်းပါလာတက်သည်။

ကျူးလွန်ခံရသူ - ဦးအိုက်မွန်း
အသက် - ၄၉ နှစ်
ကိုးကွယ်ရာဘာသာ - ခရစ်ယာန်
အလုပ်အကိုင် - လယ်သမား
နေရပ်လိပ်စာ - နော်ပိုးရှောကျေးရွာ၊ တာလေမြို့နယ်၊ တာချီလိတ်မြို့နယ်ခွဲ၊ တာချီလိတ်မြို့။
အခင်းဖြစ်ပွားရာရက်စွဲ - ၆ ဇွန် ၂၀၁၁
ကျူးလွန်သူ - ခလရ ၅၇၂ တပ်ရင်းမှူး၊ ဒုတိယဗိုလ်မှူးကြီး ကျော်လင်းဦး
အသက် - ၅၂ နှစ်
ကိုးကွယ်ရာဘာသာ - ဗုဒ္ဓဘာသာ
အလုပ်အကိုင် - တပ်မတော်အရာရှိ
နေရပ်လိပ်စာ - ခလရ ၅၇၂၊ တာလေမြို့နယ်ခွဲ

၂၀၁၁ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ခလရတပ်ရင်း အမှတ် ၅၇၂ တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး ကျော်လင်းဦးသည် ၎င်းတပ်ရင်းမှ ရဲဘော်များ၊ ဗိုလ်ကြီးအဆင့်အရာရှိ နှစ်ဦးနှင့်အတူ တာချီလိတ်မြို့၊ တာချီလိတ်မြို့နယ်၊ တာလေမြို့နယ်ခွဲ၊ နော်ပိုးရှောကျေးရွာရှိ ဦးအိုက်မွန်း၏ သရက်ခြံ သို့ ရောက်ရှိလာခဲ့သည်။ ခြံပိုင်ရှင်ဦးအိုက်မွန်းအား ၎င်းမြေသည် စစ်တပ်ပိုင်အဖြစ် သိမ်းယူထားပြီးဖြစ်သည်ဟု ပြောဆိုခဲ့သည်။

ဦးအိုက်မွန်းကမည်သည့်အကြောင်းကြောင့်နည်းဟုမေးမြန်းရာ ကျော်လင်းဦးက စစ်တပ် စခန်းတိုးချဲ့ရန်အတွက်ဟု ပြန်လည်ပြောဆိုခဲ့သည်။ သရက်ခြံသည် စစ်တပ်စခန်းနှင့်အလွန်နီးစပ်သဖြင့် အသိမ်းခံရတော့မည်ကို ဦးအိုက်မွန်း နားလည်ထားသည်။ လက်ရှိခြံ ပေါက်ဈေးအတိုင်း၎င်း အားပြန်လည်ပေးလျော်ပေးမည်ဟု စစ်တပ်ကသဘောတူခဲ့သည်။ ယခုအချိန်အထိ ဦးအိုက်မွန်း လျော်ကြေးတစုံတရာ ရရှိခြင်းမရှိသေးပေ။ စစ်တပ်က ခြံထဲမှ သရက်ပင်များကို ရှင်းလင်းခုတ်လှဲခဲ့ပြီး ဖြစ်သည်။ တပ်ရင်းမှူး ကျော်လင်းဦးထံသို့ ဦးအိုက်မွန်း နှစ်ကြိမ်တိုင်တိုင် သွားရောက် အရေးဆိုခဲ့သော်လည်း မည်သည့်တုန့်ပြန်ချက်မှ မရရှိခဲ့ပေ။ ဦးအိုက်မွန်းတွင် သမီးနှစ်ယောက်၊ သားတယောက်

ရှိသည်။ ၎င်းတို့ပိုင်အိမ်ကို မတန်တဆဈေးနှိမ်၍ ရောင်းချခဲ့ရပြီး ထိုင်းနိုင်ငံ မယ်ဆိုင်ရှိ ကျေးရွာတရွာသို့ ရွှေ့ပြောင်းလာခဲ့ရသည်။ စစ်တပ်က ၎င်းတို့ပိုင်တခြားပစ္စည်းများကိုပါ ဆက်လက်သိမ်းယူမည်ကို စိုးရိမ်သောကြောင့် မဖြစ်မနေပြောင်းလာခဲ့ရခြင်းဖြစ်သည်။ အထက်ပါ အခြေအနေနှင့်ပတ်သက်၍ သက်ဆိုင်ရာသို့ တစုံတရာတိုင်ကြားနိုင်သည့် နည်းလမ်းလည်း မရှိပေ။

တာလေမြို့နယ်အခြေစိုက် ခလရ ၅၇၂ သည် ကျိုင်းတုံအခြေစိုက် ရွှေတြိဂံ စစ်ဒေသတိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းဦး၏ ကွပ်ကဲမှုအောက်တွင် ရှိသည်။

သတင်းအရင်းအမြစ်။ လားဟူအမျိုးသမီးအဖွဲ့ (LWO)

## သုံးသပ်ချက်

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေများဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် သောမတ်စ်ဟိုဆေးကင်တားနားက ကုသမဂ္ဂသို့တင်သွင်းသော ၎င်း၏ နောက်ဆုံးအစီရင်ခံစာတွင် " နိုင်ငံရေးစနစ်အသစ်တခု ရှိလာခဲ့သည့်တိုင် စနစ်တကျနှင့် ဆိုးဆိုးရွားရွားလူ့အခွင့်အရေးချိုးဖောက်မှုပုံစံများသည် နှစ်ပေါင်းများစွာဖြစ်ပေါ်လာနေခဲ့၊ ယနေ့ထိအတိုင်လည်း ဆက်လက်ဖြစ်နေဆဲဖြစ်သည်။[၂]" ၂၀၁၁ ခုနှစ် မေလ ထုတ်ပြန်ကြေငြာချက်တွင် " နယ်စပ်ဒေသများတွင် နေထိုင်သော တိုင်းရင်းသားလူနည်းစုများ၏ အခြေအနေသည် အစိုးရ၏ဒီမိုကရေစီသို့ အသွင်ကူးပြောင်းလိုသည့် သဘောထားအပေါ် အကန့်အသတ်ဖြင့်သာထင်ဟပ် စေသည်။[၃]" ဟု အထက်ဖော်ပြပါအမြင်သဘောထားကို အထူးကိုယ်စားလှယ်တော်က ထပ်လောင်းထပ်ဟပ်စေခဲ့သည်။ အကျဉ်းချုပ်တင်ပြရမည်ဆိုပါက အပြုသဘောတိုးတက်မှု ညွှန်းဆိုချက်များသည် ထင်သာမြင်သာသော လူ့အခွင့်အရေးအခြေအနေတိုးတက်ချက်များဟု မှတ်ယူ၍ မရနိုင်ပေ။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေသည် ဆက်လက်ဆိုးရွားနေဆဲသာ ဖြစ်သည်။



ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၊ မဲဇလီကျေးရွာတွင် ကေအန်အယ်လေ တပ်ရင်း ၁၆၊ တပ်ခွဲ ၂ နှင့် မြန်မာစစ်တပ် ခလရ ၄၀၆၊ စစ်ကြောင်းအမှတ် ၁ အကြား ဖြစ်ပွားသော တိုက်ပွဲကြောင့် ဒဏ်ရာရခဲ့သူ ကရင် ကလေးငယ်တစ်ဦး။

ဓါတ်ပုံ (HURFOM)

---

၂။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ။ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ။ (စက်တင်ဘာ ၁၆ ၂၀၁၁) အထူးကိုယ်စားလှယ်၊ စာပိုဒ် အမှတ် ၇၃ (A/66/365)

၃။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကော်မရှင်မင်းကြီးရုံး။ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ အထူးကိုယ်စားလှယ်၏ထုတ်ပြန်ကြေငြာချက်။ မေ ၂၃ ၂၀၁၁။

နောက်ဆက်တွဲ ၁။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကောက်ယူရရှိခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစားများ

| | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်း ချုပ်နှောင်မှုများ | ပုဂ္ဂလိကပိုင်ဆိုင်မှုပစ္စည်းများသိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | အစဖျောက်ပစ်ခြင်း | အဓမ္မလုပ်အားပေးခိုင်းစေမှု | အတင်းအဓမ္မလက်ထပ်စေခြင်း | လိင်ဖျော်ဖြေရေးလုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်း | အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း | လူကုန်ကူးရောင်းဝယ်ခြင်း | သတ်ဖြတ်ခြင်း | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်ကို ထိပါးနှောက်ယှက်ခြင်း | လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း | တခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ | မုဒိမ်းကျင့်မှု | Total |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ချင်းပြည်နယ် | | | | ၇ | ၁ | | ၁ | ၄ | | | ၃ | ၅ | ၁ | ၂၂ |
| ဧရာဝတီတိုင်း | ၂ | | | ၁ | | | ၂ | | | | | ၄ | ၁ | ၁၀ |
| ကချင်ပြည်နယ် | | | | | | | ၂ | | ၁ | | | ၁ | | ၄ |
| ကရင်ပြည်နယ် | ၁၀ | ၁၁ | | ၃၁ | ၅ | | ၉ | ၁ | ၁၁ | | ၁ | ၁၄ | ၂ | ၉၅ |
| ကရင်နီ (ကယား) ပြည်နယ် | | ၂ | | ၁ | ၁ | | | | | | | ၁ | | ၅ |
| မကွေးတိုင်း | ၁ | | | | | | | | | | | | | ၁ |
| မန္တလေးတိုင်း | | ၁ | | ၁ | | | | | | | ၁ | ၂ | | ၅ |
| မွန်ပြည်နယ် | | ၆ | | ၄ | | | | | | | | ၂ | ၃ | ၁၅ |
| ပဲခူးတိုင်း | ၄ | ၁ | | ၂ | | | | | | | | ၇ | ၁ | ၁၅ |
| ရခိုင်ပြည်နယ် | ၁ | ၁၉ | | ၁ | | | | | | | | ၃ | ၁ | ၂၅ |
| ရန်ကုန်တိုင်း | ၄ | | | | | | | ၁ | ၁ | | ၂ | ၈ | ၁ | ၁၇ |
| စစ်ကိုင်းတိုင်း | | | | | | | | | | | | ၄ | | ၄ |
| ရှမ်းပြည်နယ် | ၃ | ၂ | ၁ | ၆ | | ၁ | ၃ | | | ၂ | | ၁၄ | ၁ | ၃၃ |
| တနင်္သာရီတိုင်း | | ၂ | | ၃ | | | | | ၁ | | | ၃ | ၁ | ၁၀ |
| စုစုပေါင်း | ၂၅ | ၄၄ | ၁ | ၅၇ | ၇ | ၁ | ၁၇ | ၆ | ၁၄ | ၂ | ၇ | ၆၈ | ၁၂ | ၂၆၁ |

| နောက်ဆက်တွဲ ၂။ လစဉ်အလိုက် ကောက်ယူရရှိခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပွားရာ တည်နေရာများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | စုစုပေါင်း |
| ချင်းပြည်နယ် | ၂ | ၂ | ၁ | ၁ | ၂ | ၀ | ၆ | ၄ | ၄ | ၂၂ |
| ရောဂတီတိုင်း | 0 | 0 | 0 | 0 | ၁ | 0 | ၅ | ၃ | ၁ | ၁၀ |
| ကချင်ပြည်နယ် | 0 | 0 | 0 | 0 | 0 | 0 | 0 | ၁ | ၃ | ၄ |
| ကရင်ပြည်နယ် | ၅ | ၆ | ၂၅ | ၈ | ၈ | ၄ | ၁၀ | ၆ | ၂၃ | ၉၅ |
| ကရင်နီ (ကယား) ပြည်နယ် | 0 | 0 | 0 | 0 | ၄ | ၁ | 0 | 0 | 0 | ၅ |
| မကွေးတိုင်း | 0 | 0 | 0 | 0 | 0 | 0 | 0 | ၁ | 0 | ၁ |
| မန္တလေးတိုင်း | 0 | 0 | ၁ | 0 | 0 | ၁ | ၂ | 0 | ၁ | ၅ |
| မွန်ပြည်နယ် | 0 | ၁ | ၇ | 0 | 0 | 0 | ၂ | ၂ | ၃ | ၁၅ |
| ပဲခူးတိုင်း | 0 | ၂ | 0 | ၁ | ၃ | 0 | ၃ | ၂ | ၄ | ၁၅ |
| ရခိုင်ပြည်နယ် | 0 | 0 | ၁၀ | ၁၂ | 0 | 0 | ၃ | 0 | 0 | ၂၅ |
| ရန်ကုန်တိုင်း | ၁ | ၃ | ၃ | ၂ | ၃ | 0 | ၂ | ၃ | 0 | ၁၇ |
| စစ်ကိုင်းတိုင်း | 0 | 0 | 0 | 0 | ၁ | ၁ | ၂ | 0 | 0 | ၄ |
| ရှမ်းပြည်နယ် | ၁ | ၂ | ၁ | 0 | ၂ | ၁ | ၁၁ | ၁၂ | ၃ | ၃၃ |
| တနင်္သာရီတိုင်း | 0 | 0 | 0 | 0 | 0 | 0 | 0 | ၁၀ | 0 | ၁၀ |
| စုစုပေါင်း | ၉ | ၁၆ | ၄၈ | ၂၄ | ၂၄ | ၈ | ၄၆ | ၄၄ | ၄၂ | ၂၆၁ |
| | ၇၃ | | | ၅၆ | | | ၁၃၂ | | | |

| နောက်ဆက်တွဲ ၃။ လစဉ်အလိုက် ကောက်ယူရရှိခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစားများ (ဇန်နဝါရီ - စက်တင်ဘာ ၂၀၁၁) | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်း ချုပ်နှောင်မှုများ | ပုဂ္ဂလိကပိုင်ဆိုင်မှုပစ္စည်းများအား သိမ်းယူခြင်း။ ဖျက်ဆီးခြင်း | အဓမ္မဈေးကောက်ခြင်း | အဓမ္မလုပ်အားပေးခိုင်းစေမှု | အတင်းအဓမ္မလက်ထပ်စေခြင်း | လိင်ဖျော်ဖြေရေးလုပ်ငန်းအတွင်းသို့ အတင်းအဓမ္မသွတ်သွင်းခံရခြင်း | အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း | လူကုန်ကူးရောင်းဝယ်ခြင်း | သတ်ဖြတ်ခြင်း | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်ကို ပိတ်ပင်နှောက်ယှက်ခြင်း | လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ပိတ်ပင်ဟန့်တားခြင်း | တခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ | မုဒိမ်းကျင့်မှု | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | | | | ၄ | | | ၁ | ၁ | | | ၂ | ၁ | | ၉ |
| ဖေဖော်ဝါရီ | ၂ | | | ၆ | ၂ | | | | ၁ | ၁ | ၁ | ၁ | ၂ | ၁၆ |
| မတ် | ၂ | ၁၃ | | ၁၆ | ၁ | | ၁ | ၁ | ၄ | ၁ | ၂ | ၆ | ၁ | ၄၈ |
| ဧပြီ | ၁ | ၁၁ | | ၃ | ၁ | | ၂ | ၁ | ၂ | | | ၂ | ၁ | ၂၄ |
| မေ | ၂ | ၇ | ၁ | ၃ | ၂ | | | | | | ၁ | ၇ | ၁ | ၂၄ |
| ဇွန် | ၂ | ၁ | | ၃ | | ၁ | | | | | | ၁ | | ၈ |
| ဇူလိုင် | ၃ | ၄ | | ၇ | | | ၃ | ၂ | ၄ | | | ၂၀ | ၂ | ၄၆ |
| သြဂုတ် | ၆ | ၃ | | ၈ | | | ၆ | ၁ | ၂ | | ၁ | ၁၃ | ၄ | ၄၄ |
| စက်တင်ဘာ | ၇ | ၅ | | ၇ | ၁ | | ၄ | | ၁ | | | ၁၆ | ၁ | ၄၂ |
| စုစုပေါင်း | ၂၅ | ၄၄ | ၁ | ၅၇ | ၇ | ၁ | ၁၇ | ၆ | ၁၄ | ၂ | ၇ | ၆၈ | ၁၂ | ၂၆၁ |

မျက်နှာဖုံး ဓါတ်ပုံ

ဩဂုတ် ၁၈ ရက်နေ့တွင် ကေအိုင်အေထိန်းချုပ်ဒေသတခုဖြစ်သော မန်စီမြို့နယ်၊ ဂျီအူးကျေးရွာအတွင်းရှိ ကျောင်းဆရာမတဦးနှင့် ကျောင်းသူ လေးဦး စာသင်နေသောအိမ်သို့ တပ်ရင်း ၇၄ မှ ပစ်လိုက်သော မော်တာကျည်တလုံးထိမှန်ခဲ့သည်။ လေးနှစ်အရွယ် မူလတန်းကလေးတဦး အသက်ဆုံးရှုံးခဲ့ရပြီး ကျောင်းဆရာမနှင့် ကျန်ကျောင်းသူကလေးများ ဒဏ်ရာရခဲ့သဖြင့် နမ့်ခမ်း ဆေးရုံသို့ပို့ဆောင်ဆေးကုသမှုခံယူ ခဲ့ရသည်။ ဓါတ်ပုံ (KWAT)



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)
PO Box 67, CMU Post Office,
Chiang Mai 50202, Thailand.
Email : office@nd-burma.org
http://www.nd-burma.org